**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/ NM/ ၁၅/ ၂၀၂၁
ရက်စွဲ၊၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်း ကိစ္စ။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံမှတ်ပုံတင် တွဲဆွဲသင်္ဘော Tug ASL VICTORY သည် လမ်းခင်းကျောက် (Split Rocks) များ တင်ဆောင်ထားသော အလျား ၈၇.၈၆ မီတာရှိ စင်ကာပူနိုင်ငံမှတ်ပုံတင် စက်မဲ့ကုန်တင်တွဲ Barge ASLCO 3006 အား မလေးရှားနိုင်ငံ Lumut ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Chittagong ဆိပ်ကမ်းသို့ ဆွဲယူလာခဲ့စဉ်၊ ၅.၈.၂၀၂၁ ရက်နေ့ မြန်မာစံတော်ချိန် ၀၀း၁၅ နာရီ အချိန်၊ Lat ၁၈ ဒီဂရီ ၂၅.၇၃၄ မိနစ် N၊ Long ၀၉၃ ဒီဂရီ ၅၁.၃၂ မိနစ် E အရောက်တွင် ရာသီဥတုဆိုးရွားမှုကြောင့် တွဲဆွဲသင်္ဘောနှင့် စက်မဲ့ကုန်တင်တွဲတို့ဆက်သွယ်ထားသောကြိုးများ ပြတ်တောက်သွားခဲ့ပြီးစက်မဲ့ကုန်တင်တွဲမှာ မျောပါလျှက်ရှိကြောင်းကို ၆.၈.၂၀၂၁ ရက်နေ့ နံနက်တွင် တွဲဆွဲသင်္ဘော ASL VICTORY ၏ Management Company ဖြစ်သော ASL Offshore & Marine Pte Ltd မှအကြောင်းကြား လာခဲ့ပါသည်။

၂။ မျောပါနေသည့် စက်မဲ့ကုန်တင်တွဲ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| Name | : | ASLCO 3006 |
| IMO No. | : | N.A |
| Official No. | : | 401532 |
| Length | : | 87.86 Mtr |
| Breadth | : | 27.46 Mtr |
| GT | : | 3527 |
| Flag | : | Singapore |



Type : Steel Flat Top Deck Cargo Barge

၃။ သို့ဖြစ်ပါ၍ စက်မဲ့ကုန်တင်တွဲ Barge ASLCO 3006 မှာမျောပါလျက်ရှိသည့်အတွက် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် တည်နေရာအနီး ခုတ်မောင်းသွားလာလျှက်ရှိသော ရေယာဉ်များအနေဖြင့် စောင့်ကြပ်ကြည့်ရှုနိုင်မည့် ကြည့်ကင်းများဖြင့် သတိပြုခုတ်မောင်းသွားလာရန် လိုအပ်မည်ဖြစ်ပြီး အဆိုပါရေယာဉ်အား ဘေးအန္တရာယ်ကင်းစွာ ရှောင်ရှားသွားလာကြပါရန်နှင့် အဆိုပါစက်မဲ့ကုန်တင်တွဲအား တွေ့ရှိပါက Maritime Rescue Coordination Centre (MRCC) သို့ အောက်ဖော်ပြပါအတိုင်း ဆက်သွယ်သတင်းပေးပို့ကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်-

MRCC Myanmar

ဖုန်း - + ၉၅ ၁ ၂၀၂၄၁၇

ဖက်စ် - + ၉၅ ၁ ၂၀၂၄၁၇

အီးမေးလ် - mrcc.myanmar2012@gmail.com

Mrcc.yangon@mptmail.com.mm

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်-ညွှန်ကြားရေးမှူး(SSE)